# ကမ္ဘာ့အေအိုင်ဒီအက်စ်ရောဂါ တိုက်ဖျက်ရေးနေ့ ( World AIDS Day )

၁။ ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ (သို့) ကမ္ဘာ့ AIDS တိုက်ဖျက်ရေးနေ့ (World AIDS Day) ကို ၁၉၈၈ မှစနှစ် စတင်၍နှစ်စဉ် ဒီဇင်ဘာလ (၁)ရက်နေ့ဟု သတ်မှတ်ခဲ့ကြသည်။ ထိုနေ့ကို အိတ်ချ်အိုင်ဗွီ (HIV) ရောဂါပိုးမွှားကြောင့် ဖြစ်ပွားသည့် အေအိုင်ဒီအက်စ်ရောဂါ(AIDS) ကူးစက်ပျံ့နှံ့မှုကို သတိရှိစေရန် ရည်ရွယ်ချက်ဖြင့် ကမ္ဘာ့အေအိုင်ဒီအက်စ် ရောဂါ တိုက်ဖျက်ရေးနေ့ ( World AIDS Day ) အဖြစ်သတ်မှတ်ခဲ့ကြသည်။ ဤနေ့ကျရောက်တိုင်း ကမ္ဘာတဝန်း တွင် အေအိုင်ဒီအက်စ် ရောဂါကြောင့် သေဆုံးသူများကို ရည်စူး၍ လွမ်းဆွတ်အောက်မေ့ပွဲများ ကျင်းပလေ့ရှိသည်။

၂။ ၁၉၉၁နှစ်တွင် အနီရောင်ဖဲကြိုးကို အေအိုင်ဒီအက်စ် (AIDS) ခုခံအားကျဆင်းမှုကူးစက်ရောဂါနှင့် ပတ်သက်သည့် အသိပညာများနိုးကြားစေသော အပြည်ပြည်ဆိုင်ရာသင်္ကေတအဖြစ် သတ်မှတ်ခဲ့သည်။ အနီရောင်ဖဲကြိုးလေးကို HIV/AIDS ရောဂါ သည်များကို ခွဲခြားဆက်ဆံခြင်းနှင့် ရှောင်ဖယ်ခြင်း ကင်းစေရန်၊ HIV/AIDS ရောဂါဖြင့် သေဆုံးသွားသော လူများအား အမှတ်ရစေရန်၊ ဤရောဂါကို အားလုံးစုပေါင်းတိုက်ဖျက်ရန်၊ ရောဂါသည်များအပေါ်တွင် ဂရုတစိုက်ရှိမှုနှင့် စိုးရိမ်ပူပန်မှုများရှိကြောင်းကို ပြသရန်၊ ၎င်းတို့အား တစိုက်မတ်မတ်အားပေးကူညီရန်နှင့်၊ ရောဂါသည်များအားလုံး စည်းလုံးညီညွတ်စေရန် အစရှိသည့် လေးနက်သော အဓိပ္ပာယ်များဖြင့် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ (World AIDS Day) တွင် အမှတ်တရ တပ်ဆင်ကြသည်။

၃။ ယခုနှစ် World AIDS Day 2023 ၏ဆောင်ပုဒ်သည် - **သတိရအောက်မေ့ခြင်းနှင့် ကူညီစောင့်ရှောက်ရန်ကတိကဝတ်ပြုကြ (World AIDS Day 35: Remember and Commit)** ဟုဖြစ်ပါသည်။ HIV ပိုးကူးစက်ခံရနိုင်ခြေရှိသည့် သို့မဟုတ် ထိခိုက်ခံရနိုင်ခြေ အများဆုံးရှိသည့် လူပုဂ္ဂိုလ်များ ပါဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းများ သည် HIV/AIDS ရောဂါတိုက်ဖျက် ရေး လှုပ်ရှားမှုများတွင် ရှေ့တန်းမှ ပါဝင်ဆောင်ရွက်ကြသည်။ အဆိုပါ အဖွဲ့အစည်းများသည် HIV/AIDS ကူးစက်နိုင်ခြေရှိသော လူမှုပတ်ဝန်းကျင်အား ပြည်သူ့ကျန်းမာရေးဝန်ဆောင်မှု များနှင့် ချိတ်ဆက် ပေးခြင်း၊ ယုံကြည်မှုတည် ဆောက်ခြင်း၊ ဆန်းသစ်တီထွင်ခြင်း၊ မူဝါဒများနှင့် ဝန်ဆောင်မှုများ အကောင်အထည်ဖော်မှုကို လေ့လာစောင့် ကြည့်ပြီး ကမ္ဘာလုံးဆိုင်ရာ HIV/AIDS ရောဂါတိုက်ဖျက်ရေးတွင် ကြီးမားသော တွန်းအားများ ပေးလေ့ရှိပါသည်။

၄။ သို့ဖြစ်ပါ၍ ဤကမ္ဘာ့အေအိုင်ဒီအက်စ်နေ့သည် လူမှုအသိုင်းအဝိုင်းများ၏ အောင်မြင်မှုများကို ဂုဏ်ပြုခြင်းထက် ပိုပါသည်။ ၎င်းတို့၏ ရောဂါတိုက်ဖျက်ရေး အခန်းကဏ္ဍတွင် ရပ်ရွာလူထုအား ပံ့ပိုးကူညီမှု ပေးရန်တောင်းဆို လေ့ရှိကြသည်။ 2023 World AIDS Day သည် HIV/AIDS ရောဂါ အဆုံးသတ်နိုင်စေရန်အတွက်

ရပ်ရွာ ပတ်ဝန်းကျင်၏ ပူးပေါင်းပါဝင်မှု အားကောင်းစေရန် အပြည့်အဝ တိုက်တွန်းနှိုးဆော်သွားမည် ဖြစ်ပါသည်။ (၂၀၂၃) ခုနှစ်၊ ကမ္ဘာ့အေအိုင်ဒီအက်စ်ရောဂါ တိုက်ဖျက်ရေးနေ့ အတွက် အဓိကသတင်း စကား များမှာ-

- HIV တားဆီးတိုက်ဖျက်ရေးအစီအစဉ်များ အားလုံးတွင် လူမှုအသိုက်အဝန်းများ၏ ဦးဆောင်မှု အခန်းကဏ္ဍသည် အဓိကကျပြီး ၎င်းတို့၏ ပါဝင်လှုပ်ရှားမှု၊ ရန်ပုံငွေ ပါဝင်ထည့်ဝင်မှု၊ အကောင်အထည်ဖော်မှု၊ စောင့်ကြည့်အကဲဖြတ်မှုများ အဓိက လိုအပ်ပါသည်။
- •လူ့အဖွဲ့အစည်းများ သည် HIV/AIDS ရောဂါတိုက်ဖျက် ရေးလှုပ်ရှားမှုများကို မြှင့်တင်ရန်၊ မှန်ကန်စွာ ပံ့ပိုးပေးမှုများ ပြုလုပ်ရန် အပြည့်အဝယုံကြည်စိတ်ချရသော ငွေ ကြေးထောက်ပံ့မှု လိုအပ်ပါသည်။ HIV တိုက်ဖျက်ရေး လှုပ်ရှားမှုများတွင် ရပ်ရွာလူထု၏ ခေါင်းဆောင်မှုအခန်းကဏ္ဍရှိ အတားအဆီးများကို ဖယ် ရှား ပေးရန် လိုအပ်ပါသည်။ HIV ဝန်ဆောင်မှုများ ပေးဆောင်ရာတွင် ရပ်ရွာလူထု၏အခန်းကဏ္ဍကို လွယ်ကူချောမွေ့စေရန်၊ အရပ်ဘက်လူ့အဖွဲ့ အစည်း များနေရာရရှိစေရန်နှင့် ဘေးဖယ်ခံထား ရသော အသိုင်းအဝိုင်းများအပါအဝင် လူသားအားလုံး၏ လူ့အခွင့်အရေးကို ကာကွယ်ရန်၊ ကမ္ဘာ လုံးဆိုင်ရာ HIV တုံ့ပြန်မှုကို တိုးတက်လာစေမည့် အားကောင်းသည့် လူမှုပတ်ဝန်း ကျင် လိုအပ်ပါသည်။
- •လူမှုအသိုင်းအဝိုင်းများသည် ကမ္ဘာ့အေအိုင်ဒီအက်စ်နေ့ အထိမ်းအမှတ်အဖြစ် ကမ္ဘာတစ်ဝှမ်းတွင် အခမ်း အနားများကို ကျင်းပပြုလုပ်လေ့ရှိသည်။ လူမှုမီဒီယာပေါ်ရှိ အဖွဲ့များ၊ UNAIDS မှ စုစည်းထားသော ဓာတ်ပုံများနှင့် ဗီဒီယို များမှတစ်ဆင့် လူများသည် ဖြစ်ပွား နေသည့် ဖြစ်ရပ်များကို သိရှိနိုင်မည်ဖြစ်ပြီး ဆုံးဖြတ်ချက်များ၊ မျှော်လင့်ချက်များကို ကြားသိရကာ တောင်းဆိုချက်များကိုလည်း သိရှိနိုင်မည်ဖြစ် သည်။

၅။ မြန်မာလူထုတစ်ရပ်လုံးအနေဖြင့်လည်း World AIDS Day 2023 ၏ဆောင်ပုဒ်ဖြစ်သော **သတိရအောက်မေ့ခြင်းနှင့် ကူညီစောင့်ရှောက်ရန် ကတိကဝတ်ပြုကြ (World AIDS Day 35: Remember and Commit)** ဟူသော ဆောင်ပုဒ်နှင့်အညီ HIV/AIDS ရောဂါကြောင့် အသက်ဆုံးရှုံးခဲ့ရသူများကို သတိရခြင်းနှင့် အတူ ရပ်ရွာလူထု အသိုင်းအဝန်းများ၊ လူမှုအဖွဲ့အ စည်း များမှ ဦးဆောင်ပါဝင်လျက် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ကြပါရန် တိုက်တွန်းအပ်ပါသည်။